လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

# ကိုသက်ဝင်းအောင် အကျဉ်းထောင်အတွင်း ကွယ်လွန်ရခြင်းနှင့်ပတ်သက်၍ ကျွန်တော်တို့၏သဘောထား

ကိုသက်ဝင်းအောင် အကျဉ်းထောင်အတွင်းမှာ ကွယ်လွန်သွားတဲ့သတင်း ကျွန်တော်တို့ ကြားသိရပါတယ်။

ဘိန်းဘုရင်များ (လော်စစ်ဟန်၊ ခွန်ဆာ)ကို "တိုင်းရင်းသားလုပ်ငန်းရှင်များ"အဖြစ် လွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်ပြီး၊ ကျွန်တော်တို့ ကျောင်းသားလူငယ်တွေ အပေါ်မှာ ထောင်ဒဏ် (၅၉)နှစ်ချမှတ်၍ အပြုးအာဃာတကြီးမားလွန်းတဲ့ (နအဖ) စစ်အစိုးရရဲ့ လုပ်ရပ်ကို ပြင်းထန်စွာရှုတ်ချပါတယ်။ ကိုသက်ဝင်းအောင် ကွယ်လွန်ရခြင်းနဲ့ ပတ်သက်ပြီး (နအဖ) စစ်အစိုးရမှာ အဓိကတာဝန်ရှိပါတယ်။ အဖြစ်မှန်ကို စုံစမ်းဖေါ်ထုတ်ပေးဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ ကြေကွဲ၍မဆုံးပါ။ ကိုသက်ဝင်းအောင်ကို ကျွန်တော်တို့ ပါတီဝင်ထု တစ်ရပ်လုံးက ဦးညွတ်အလေးပြုပါတယ်။ ကိုသက်ဝင်းအောင်ရဲ့ မိသားစုနဲ့အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းပါတယ်။

ယခုလို အကျဉ်းထောင်ထဲမှာ ဒူးထောက်အညံ့မခံဘဲ နောက်ဆုံးထွက်သက်အထိ (နအဖ)စစ်စိုးရကို ဆန့်ကျင်သွားတဲ့ ကိုသက်ဝင်းအောင်ရဲ့ စွန့်လွှတ်မှုနဲ့ ရဲစွမ်းသတ္တိကို ကျွန်တော်တို့ ပါတီဝင်ထု တစ်ရပ်လုံးက ချီးကျူးဂုဏ်ပြုပါတယ်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ (၁၆)ရက်